ဇာတဒဂ်ရပုဂ္ဂိုလ်ထူးများ

အမှတ်စဉ် (၆)

အမျိုးမြတ်ခြင်းအရာ အသာဆုံး ဥစ္စာကုလိက ဇာတဒဂ်ရ အရှင်ဘဒ္ဒိယ

ပညာရှင်များက ဘဝရဲ့ အလှ ခုနစ်မျိုးရှိတယ်လို့ ညွှန်းဆိုကြတယ်။ အသက်ရှည်ရှည် နေရတာ၊ ကျန်းကျန်းမာမာနေရတာ၊ ရုပ်ဆင်းအဂါလှပတာ၊ အသိုင်းအဝိုင်း ပြည့်စုံတာ၊ မြင့်မြတ်တဲ့ မျိုးရိုးမှာ ဖြစ်ရတာ၊ ပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာတာနဲ့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကောင်းမွန်တာတွေဟာ ဘဝရဲ့ အလှတရားတွေပါ။ လူတိုင်း ဒီအလှဂုဏ်တွေနဲ့ ပြည့်စုံချင်ကြမှာပါ။ ဒါပေမဲ့လဲ သူ့အလှနဲ့ဆိုင်တဲ့ အကြောင်းတရားတွေ ရှိပါမှ အလှဂုဏ်ဆိုတာလဲ ပိုင်ဆိုင်ရတာမျိုးပါ။ ဒီတပတ်မှာတော့ ဘဝအလှတွေထဲမှာ တစ်ခုပါဝင်တဲ့ မျိုးရိုးမြတ်ခြင်းဂုဏ်နဲ့ပတ်သက်ပြီး အသာဆုံး ဇာတဒဂ်ရတဲ့ အရှင်ဘဒ္ဒိယမထေရ်မြတ်အကြောင်းကို ကြည်ညိုကြပါမယ်။ ဘယ်လို အကြောင်းကံတွေ ပြုခဲ့တဲ့ အတွက်ကြောင့် အရှင်ဘဒ္ဒိယမထေရ် မျိုးရိုးမြင့်မြတ်ခြင်းနဲ့သက်ဆိုင်တဲ့ အသာဆုံး ဥစ္စာကုလိက ဇာတဒဂ်ရခဲ့တယ်ဆိုတာ အတုယူလိုက်နာကျင့်သုံးဖွယ်အဖြစ် သုတပွား မှတ်သားနိုင်ပါလိမ့်မယ်။

မထေရ်မြတ်ရဲ့ ဥစ္စာကုလိကဇာတဒဂ်ဘွဲ့အကြောင်း အဓိပ္ပါယ်

အရှင်ဘဒ္ဒိယမထေရ်ဆိုတာ အနရုဒ္ဓါမထေရ်နဲ့အတူ ရဟန်းပြုခဲ့တဲ့ သာကီဝင်မင်းပါ။ သူ့ရဲ့ မယ်တော်က ကာဠိဂေါဓာ လို့ ခေါ်တဲ့ သာကီဝင်မင်းသမီးကြီးပါ။ နာမည်ရင်းကတော့ ဂေါဓာ ပါ၊ သူမအသားက နဲနဲ မဲလို့ ကာဠိဂေါဓာသာကီဝင်မင်းသမီး လို့ ခေါ်တာဖြစ်တယ် ဆိုတဲ့အကြောင်း အဂုံတ္တိုရ်အဋ္ဌကထာမှာ ရှင်းပြထားပါတယ်။ သာသနာတော်မှာ ဘဒ္ဒိယ အမည်ပါတဲ့ မထေရ်တွေက များတာမို့ ဒီမထေရ်ကို "ကာဠိဂေါဓာပုတ္တဘဒ္ဒိယမထေရ်"လို့ ခေါ်ကြပါတယ်။ ကာဠိဂေါဓာသာကီဝင်မင်းသမီးရဲ့သား အရှင်ဘဒ္ဒိယမထေရ်ပေါ့။

အရှင်မြတ်ရဲ့မိခင်က သာကီဝင်မင်းသမီးတွေထဲမှာ အရွယ်အနေနဲ့ အကြီးဆုံးမင်းသမီး ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီးလို့ ကပိလဝတ်ပြည်ကို ပြန်ကြွတဲ့အချိန်မှာ မြတ်စွာဘုရားရဲ့ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အသက်ကိုးဆယ်အရွယ်လောက်ရှိနေပါပြီ။ အဲဒီအချိန်မှာ ထီးမွေနန်းမွေ ဆက်ခံဖို့ကလဲ မြတ်စွာဘုရားရော၊ ညီတော်နန္ဒမင်းသားရော၊ မြေးတော်ရာဟုလာပါ ရဟန်းပြုကုန်ကြပြီမို့ ဘဒ္ဒိယမင်းသားက အကြီးဆုံးမင်းသမီးရဲ့ သားဖြစ်တာမို့ သူ့ကိုပဲ သက္ကသာကီဝင် ရှေ့ဆောင်မင်းအဖြစ် တင်မြှောက်ထားတဲ့အချိန်ပါ။ ဘဒ္ဒိယမင်းသားဟာ မိမိရရှိထားတဲ့ သက္ကသာကီ ရှေ့ဆောင်မင်းဘဝကို ပယ်စွန့်ပြီး ရဟန်းပြုခဲ့သူဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအမျိုးအမြတ်ဆုံး ဇာတဒဂ်

ရာထူးအပ်နှင်းခံရခြင်းဖြစ်ပါတယ်။ ဒုဿပြင် အရှင်ဘဒ္ဒိယမထေရ်ဟာ ရှေးကပန်ဆင်ခဲ့တဲ့ ဆုတောင်းပတ္ထနာရဲ့ အာနုဘော်ကြောင့် ဘဝငါးရာဆက်တိုက် မင်းမျိုးမှာဖြစ်ပြီး ရှင်ဘုရင်ဖြစ်ခဲ့ပါတယ်။ ဒုဿကြောင့်လဲ မျိုးနွယ်မြင့်မြတ်တဲ့သူတွေအထဲမှာ အသာဆုံး ဥစ္စာကုလိကဇေတဒဂ်ကို ရခဲ့တာဖြစ်ပါတယ်။

အရှင်ဘဒ္ဒိယမထေရ်ရဲ့ ရှေးကောင်းမှု

အရှင်ဘဒ္ဒိယမထေရ်မြတ်လဲ လွန်ခဲ့တဲ့ ကဿပတစ်သိန်းကာလ ပဒုမုတ္တရာမြတ်စွာဘုရားရှင်လက်ထက်တော်မှာ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝတဲ့အမျိုးမှာ ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်လို့ တစ်နေ့သောအခါမှာ မြတ်စွာဘုရားကျောင်းတော်သွားရောက်ကာ တရားနာယူပါတယ်။ အဲဒီတရားပွဲမှာ ပဒုမုတ္တရာမြတ်စွာဘုရားရှင်က ရဟန်းတော်တစ်ပါးကို အမျိုးအမြတ်ဆုံးအရာ အသာဆုံး ဥစ္စာကုလိကဇေတဒဂ်ရာထူး ချီးမြှင့်တာကို အရှင်မြတ်အလောင်း သူဌေးသား တွေ့မြင်ပြီး "ငါလဲပဲ နောင်အနာဂတ်ဘုရားတစ်ဆူလက်ထက်မှာ ဒီရဟန်းလို အမျိုးအမြတ်ဆုံးအရာ အသာဆုံး ဇေတဒဂ်ရမှ သင့်တော်မယ်"လို့ အကြံဖြစ်ကာ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီး ဘုရားအမှူးရှိတဲ့သံဃာတော်တွေကို ခုနစ်ရက်တိုင်တိုင် အလှူကြီး ပေးလှူခဲ့ပါတယ်။ သူဌေးသားလဲ အလှူကြီးပြီးတဲ့အခါ "မြတ်စွာဘုရား... တပည့်တော်ဟာ ဒီဒါနရဲ့အကျိုးကြောင့် အခြားစည်းစိမ်ကို မတောင့်တပါ၊ နောင်သောအခါ တစ်ဆူသော ဘုရားရှင်ရဲ့ သာသနာတော်မှာ အမျိုးမြတ်တဲ့ရဟန်းတော်တွေထဲမှာ အသာဆုံး အမြတ်ဆုံး ဥစ္စာကုလိကဇေတဒဂ်ရ ပုဂ္ဂိုလ်ဖြစ်ရပါလိုဏ်" ဆုတောင်းပြီး မြတ်စွာဘုရား ခြေတော်ရင်းမှာ ဝပ်စင်းနေခဲ့ပါတယ်။

ပဒုမုတ္တရာမြတ်စွာဘုရားရှင်ဟာ အနာဂတ်ကို ကြည့်တော်မူလိုက်တဲ့အခါ သူဌေးသားရဲ့ ဆုတောင်းပြည့်စုံမှာကို မြင်တော်မူတဲ့အတွက် "သင့်ရဲ့ဆုတောင်း ပြည့်စုံပါလိမ့်မယ်၊ နောင်ကဿပ တစ်သိန်းအဆုံးရောက်တဲ့အခါ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလိမ့်မယ်၊ သင်ဟာ အဲဒီဘုရားသာသနာတော်မှာ အမျိုးမြတ်တဲ့ရဟန်းတွေထဲမှာ အသာဆုံး ဇေတဒဂ်ရပုဂ္ဂိုလ်ဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်မိန့်ကြားတော်မူပြီးနောက် ဆွမ်းအနုမောဒနာတရားဟောကာ ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့ပါတယ်။

အမျိုးမြတ်ကြောင်း ကောင်းမှုကုသိုလ်များ

ထိုသူဌေးသားလဲ ဗျာဒိတ်ရပြီးတဲ့နောက် မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ကြောင်းကောင်းမှုကုသိုလ်တွေကို မေးမြန်းလျှောက်ထားကာ **တရားဟောဖို့ရာ ဓမ္မာသနပလ္လင်များ ပြုလုပ်ခိုင်းပြီး လှူဒါန်း ပါတယ်။**

ပလ္လင်ပေါ်မှာ ခင်းဖို့ ထိုင်ခင်းများ၊ တရားဟောတဲ့နေရာမှာ အသုံးပြုရန်အတွက် ယပ် လျှုဒါန်း တဲ့အပြင် တရားဟောမမွှကထိကကို လျှုဒါန်းပူဇော်ခြင်းနဲ့ ဥပုသ်ပြုရာ သိမ်တန်ဆောင်းမှာ ဆီမီးညှိထွန်း လျှုဒါန်းခြင်းစတဲ့ ကောင်းမှုကုသိုလ်များကို အသက်ထက်ဆုံး ပြုလုပ်ကာ အဲဒီသူဌေးဘဝက သေတဲ့နောက် နတ်ပြည်၊ လူ့ပြည်တွေမှာ စုန်ချည်ဆန်ချည် ဖြစ်ခဲ့ပါတယ်။ အဲဒီလို သံသရာ ကျင်လည်ရင်းက ကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရား နှစ်ဆူအကြား ကြားကာလမှာ ဗာရာဏသီပြည်က သူဌေးသူကြွယ်အိမ်မှာ သူကြွယ်သား ဖြစ်ခဲ့ပြန်ပါတယ်။

အဲဒီအချိန်က ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေဟာ ဂန္ဓမာဒနတောင်ကနေ ကြွလာပြီး ဗာရာဏသီပြည်၊ ဂဂ်ါမြစ်ကမ်းနား ဆွမ်းစားဖို့အဆင်ပြေတဲ့နေရာမှာ ထိုင်ပြီး ဆွမ်းဘုဉ်းပေး နေကြပါတယ်။ အဲဒီသူကြွယ်လဲ **ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ အမြဲမပြတ် ဆွမ်းထိုင်ဘုဉ်ပေးတဲ့နေရာမှာ ကျောက်ဖျာကြီး ရှစ်ချပ် ခင်းလှူခဲ့ပြီး** အသက်ဆုံးတဲ့အထိ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ပြုစုလုပ်ကျွေး ပူဇော်ခဲ့ပါတယ်။ အဲဒီနောက် ကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားနှစ်ဆူအကြား ကာလတလျှောက် အပါယ်လေးပါး မလားမရောက်ဘဲ ယခုဂေါတမမြတ်စွာဘုရားလက်ထက်မှာ ကပိလဝတ်ပြည် သက္ကသာကီဝင်မင်းမျိုးမှာ ဖြစ်လာခဲ့ပါတယ်။ နာမည်ပေးကင်ပွန်းတပ်တဲ့နေ့မှာ မိဘများက သူ့ကို ဘဒ္ဒိယမင်းသားလို့ အမည်ပေးခဲ့ကြတယ်။ ဘဒ္ဒိယမင်းသား အရွယ်ရောက်တဲ့အခါ အရှင်အနုရုဒ္ဓါဝတ္ထုပါအတိုင်း အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တမင်းသားနဲ့ ဆတ္တာသည် ဥပါလိတို့နဲ့အတူ မလ္လတိုင်းအနုပိယသရက်ဥယျာဉ်မှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားထံ သွားရောက်ကာ ရဟန်းပြုခဲ့ကြတယ်။ အဲဒီနှစ် ဝါတွင်းမှာပဲ အရှင် ဘဒ္ဒိယမထေရ်ဟာ ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။

တစ်ခါတော့ မြတ်စွာဘုရား ကပိလဝတ်ပြည်ကြွပြီးလို့ ကပိလဝတ်ကနေ ရာဇဂြိုဟ်အသွားလမ်းခုလတ် မှာရှိတဲ့ မလ္လာမင်းတို့ရဲ့ အနုပိယာနိဂုံးအနီးက သရက်ဥယျာဉ်မှာ သီတင်းသုံးနေပါတယ်။ အဲဒီအချိန်မှာ အရှင်ဘဒ္ဒိယမထေရ်လဲ တောထဲမှာဖြစ်ဖြစ်, သစ်ပင်အောက်မှာဖြစ်ဖြစ်, ဆိတ်ငြိမ်တဲ့နေရာမှာဖြစ်ဖြစ် ဘယ်နေရာရောက်ရောက် ရောက်တဲ့နေရာတိုင်းမှာ "အဟော သုခံ - ဩ သော် ချမ်းသာပေစု၊ အဟော သုခံ - ဩ သော် ချမ်းသာပေစု" လို့ အမြဲမပြတ် ဥဒါန်းကျူးရင့်နေတတ်ပါတယ်။ အရှင်ဘဒ္ဒိယမထေရ် ခုလို ဥဒါန်းကျူးရင့်တာကို ကြားရတဲ့ရဟန်းတော်တွေက "ဇကွန္တ အရှင်ဘဒ္ဒိယ သာသနာ့ဘောင်မှာ ပျော်ပုံမရဘူးနဲ့တူတယ်၊ လူ့ဘဝတုန်းက ခံစားခဲ့ရတဲ့ မင်းစည်းစိမ်ချမ်းသာကို အောက်မေ့အမှတ်ရပြီး ရောက်တဲ့နေရာတိုင်းမှာ အဟော သုခံ၊ အဟော သုခံ-လို့ အမြဲမပြတ် ဥဒါန်းကျူးရင့်နေတယ်"လို့ ထင်နေကြတယ်။ ဒီရဟန်းတွေဟာ အဲဒီလိုထင်ရုံတင်မက မြတ်စွာဘုရားထံသွားပြီးတော့တောင် သူတို့အထင်တွေကို လျှောက်ထားလို့ မြတ်စွာဘုရားက ရဟန်းတစ်ပါးကို

အရှင်ဘဒ္ဒိယကို ခေါ်ခိုင်းလိုက်ပါတယ်။ အရှင်ဘဒ္ဒိယလဲ အဲဒီရဟန်း လာခေါ်တာနဲ့ မြတ်စွာဘုရားထံမှောက် ရောက်လို့ ကန်တော့ပြီး ထိုင်နေတဲ့အခါ မြတ်စွာဘုရားက အရှင်ဘဒ္ဒိယကို ဥဒါန်းကျူးရင့်တာနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးတရားတွေကို မြင်လို့ ဥဒါန်းကျူးရင့်ရတာလဲလို့ မေးတော်မူပါတယ်။

ဒီအခါမှာ အရှင်ဘဒ္ဒိယမထေရ်က " မြတ်စွာဘုရား....တပည့်တော်လူဘဝ မင်းဖြစ်စဉ်အခါက မြို့တွင်းမြို့ပြင်, နန်းတော်တွင်း နန်းတော်ပြင် နေရတိုင်းမှာ လက်နက်ကိုင် အစောင့်အရှောက်တွေနဲ့ လုံလုံခြုံခြုံ နေရပေမဲ့ ကြောက်ကြောက်ရွံ့ရွံ့ ထိတ်ထိတ်လန့်လန့် ယုံမှားသံသယစိတ်တွေနဲ့ လန့်လန့်ဖျပ်ဖျပ် နေခဲ့ရပါတယ်ဘုရား။ မြတ်စွာဘုရား.... ခုနေခါမှာတော့ တပည့်တော်ဟာ တောထဲမှာပဲနေနေ သစ်ပင်အောက်မှာပဲနေနေ ဆိတ်ငြိမ်တဲ့နေရာမှာပဲနေနေ ဘယ်နေရာရောက်ရောက် တစ်ယောက်ထဲ မကြောက်မရွံ့ ထိတ်လန့်ခြင်းတွေ ယုံမှားသံသယတွေ ကင်းကင်းရှင်းရှင်းနဲ့ လွတ်လပ်ပေါ့ပါးစွာ ကြောင့်ကြမဲ့ နေရပါတယ်ဘုရား။ ကြက်သီးမွေးညင်းလဲမထ သူတစ်ပါးလှူတဲ့ပစ္စည်းကိုမှီပြီး အသက်ရှင်ရပ်တည်နေရတာဟာဖြင့် သားသမင်လေးတွေ လွတ်လွတ်လပ်လပ်နဲ့ စားကျက်မှာ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး ကျက်စားနေသလို တပည့်တော်လဲ ပေါ့ပါးလွတ်လပ်စွာ နေနေရပါတယ်ဘုရား။ ဒါ့ကြောင့် တပည့်တော် အဟောသုခံ - ဩော် ချမ်းသာပေစွ၊ အဟော သုခံ - ဩော် ချမ်းသာပေစွလို့ ဥဒါန်းကျူးရင့်တာ ဖြစ်ပါတယ်ဘုရား" လို့ မြတ်စွာဘုရားကို ပြန်လည် လျှောက်ထားခဲ့ပါတယ်။

ဒီအခါ မြတ်စွာဘုရားရှင်လဲ "ရာဂ ဒေါသစတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းနေတဲ့ ပုဂ္ဂိုလ်မှာ ပြည့်စုံခြင်းတွေ မပြည့်စုံခြင်းတွေကို လွန်မြောက်သွားပြီဖြစ်တယ်၊ ကြောက်လန့်ခြင်း ဘေးရန်တွေလဲ ကင်းသွားပြီ၊ ကင်းဆိတ်မှုချမ်းသာ မဂ်ဖိုလ်ချမ်းသာတွေနဲ့ ချမ်းသာလျက် ရှိနေပြီ၊ စိုးရိမ်ကြောင့်ကြ ခြင်းတွေလဲ ကင်းသွားပြီ။ ဒီလိုဂုဏ်ရည်တွေနဲ့ ပြည့်စုံတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ စိတ်ကို နတ်တွေတောင်မှ မသိနိုင်ကြပြီ" လို့ ဥဒါန်းကျူးရင့်တော်မူခဲ့ပါတယ်။ ဆိုလိုတာက အရိယာပုဂ္ဂိုလ်ရဲ့စိတ်ကို ပုထုဇဉ်နတ်တွေသော်မှ မသိနိုင်၊ ရဟန္တာပုဂ္ဂိုလ်ရဲ့စိတ်ကို သေက္ခအရိယာနတ်တွေသော်မှ မသိနိုင်ကြဘူးလို့ ဆိုလိုတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီရဟန်းတွေဟာ ရဟန္တာဖြစ်တဲ့ အရှင်ဘဒ္ဒိယမထေရ်ရဲ့စိတ်ကို မသိနိုင်ကြဘဲ အထင်လွဲနေကြတာဖြစ်ပါတယ်။ အရှင်ဘဒ္ဒိယမထေရ်ရဲ့ အသိဉာဏ်ကို လိုက်မမီဘူးလို့ပဲ ဆိုရမှာပါ။

နောက်ပိုင်းတစ်ချိန်မှာ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အချိန် "ကာဠိဂေါဓာသာကီဝင်မင်းသမီးရဲ့သား ဘဒ္ဒိယဟာ မြင့်မြတ်တဲ့မျိုးနွယ်မှာ ဖြစ်ကြတဲ့ ငါဘုရားရဲ့

တပည့်ရဟန်းတွေထဲမှာ အသာဆုံး အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တယ်လို့ ချီးကျူးပြီး ဥစ္စာကုလိက-မျိုးနွယ် မြင့်မြတ်တဲ့အရာမှာ အသာဆုံးဇေတဒဂ်အရာ ထားတော်မူခဲ့ပါတယ်။

အရှင်ဘဒ္ဒိယမထေရ်ရဲ့ အကြောင်းကို ကြည်ညိုကြည့်တဲ့အခါ မျိုးနွယ်မြင့်မြတ်ဖို့အတွက် တရားဟောပလ္လင်လျှုတာ၊ ပလ္လင်ပေါ်မှာခင်းဖို့ အခင်းလျှုတာ၊ တရားဟောတဲ့နေရာမှာ အသုံးပြုတဲ့ ယပ်လျှုတာ၊ ရဟန်းတော်တွေ ဆယ့်ငါးရက်တစ်ကြိမ် ဥပုသ်ပြုတဲ့ သိမ်တန်ဆောင်းမှာ ဆီမီးလျှုတာ၊ နောက်ပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ဆွမ်းစားတဲ့နေရာမှာ ကျောက်ဖျာရှစ်ချပ် လျှုဒါန်းတာစတဲ့ ကောင်းမှုကုသိုလ်တွေကို အထူးပြုပြီး ပြုလုပ်ခဲ့တာ သတိပြုမိကြမှာပါ။ ဘာပဲဖြစ်ဖြစ် မြတ်စွာဘုရားရဲ့ တရားတော်တွေ ပြန့်ပွားအောင် ပို့ချဟောပြပေးတဲ့ပုဂ္ဂိုလ်တွေ၊ သင်ယူနေတဲ့ပုဂ္ဂိုလ်တွေကို လျှုဒါန်းတာ၊ နောက်ပြီး ဟောပြောပို့ချတဲ့နေရာမှာ မဖြစ်မနေလိုအပ်တဲ့ နေရာထိုင်ခင်းစတဲ့ ပရိဘောဂ အသုံးအဆောင်တွေ ဆီမီးတွေ လျှုဒါန်းတာ။ ဒီကုသိုလ်တွေဟာ ဖြစ်လေရာဘဝတွေမှာ မြင့်မြတ်တဲ့ မျိုးနွယ်တွေမှာ ဖြစ်စေနိုင်တဲ့ ကုသိုလ်တွေပါ။

အဓိကကတော့ ပညာပြန့်ပွားအောင်၊ ကိုယ်ကျင့်တရားတွေ ကောင်းအောင် အထောက်အကူဖြစ်စေနိုင်တဲ့ ကုသိုလ်တွေမှန်သမျှ အမျိုးမြင့်မြတ်ကြောင်း ကောင်းမှုတွေပါ။ ဒါ့အပြင် ရိုသေလေးစား တန်ဖိုးထားရမဲ့ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘစတဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်တွေအပေါ် ရိုသေလေးစားခြင်း၊ ပူဇော်ခြင်း၊ ရိုရိုသေသေ ပြုစုလုပ်ကျွေးခြင်းတွေဟာလဲ အမျိုးမြင့်မြတ်ကြောင်း ကုသိုလ်တွေပါပဲ။ မြတ်စွာဘုရားရှင်ကတော့ ရိုသေလေးစားရမဲ့ပုဂ္ဂိုလ်တွေအပေါ် ရိုသေလေးစား တန်ဖိုးထားထဲ့သူတွေဟာ ဖြစ်လေရာ ဘဝတိုင်းမှာ သူ့ကံနဲ့ညီမျှတဲ့ ရိုသေလေးစား တန်ဖိုးထားခံရတဲ့ မြင့်မြတ်တဲ့မျိုးနွယ်တွေမှာ ဖြစ်ရတယ်။ ကိုယ်က သူများအပေါ် မာန်မာနတွေနဲ့ မောက်မာပြီး မရိုသေ၊ မလေးစားတတ်တဲ့ပုဂ္ဂိုလ်တွေဟာ သံသရာမှာလဲ သူတို့ပြုခဲ့တဲ့ ကံအတိုင်း သူတို့ကို ဘယ်သူကမှ အရိုအသေလဲ မပေး၊ လေးလဲ မလေးစားကြပါဘူး။ လူ့အောက်တန်းက နင်းပြားမျိုးနွယ်တွေမှာ ဖြစ်ရတတ်ပါတယ်လို့ စူဠကမ္မ ဝိဘင်္ဂသုတ်မှာလဲ ဟောတော်မူခဲ့ပါတယ်။

ဘယ်သူပဲဖြစ်ဖြစ် သံသရာခရီး မဆုံးသေးလို့ သံသရာလည်ကြရဦးမယ်ဆိုရင်တော့ မြင့်မြတ်တဲ့မျိုးနွယ်တွေမှာ ဖြစ်ချင်ကြမှာပါ။ ဒါ့ကြောင့် မျိုးရိုးမြင့်မြတ်စေဖို့အတွက် မာန်မာနတွေကို ဖယ်ရှားပြီး ဂါရဝနိဝါတမင်္ဂလာနဲ့ ပြည့်စုံအောင် နေနိုင်ကြပါစေ၊ မျိုးရိုးမြင့်မြတ်ကြောင်း ကုသိုလ်ကောင်းမှုတွေကို ဖြည့်ကျင့်ကြိုးစား အားထုတ်နိုင်ကြပါစေ၊ အရှင်ဘဒ္ဒိယမထေရ်မြတ်လို အဟော သုခံ၊ အဟော သုခံလို့ ဥဒါန်းကျူးရင့်နိုင်တဲ့ပုဂ္ဂိုလ်တွေဖြစ်အောင်လဲ တရားဘာဝနာတွေကို ကျင့်ကြံနိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီတပတ်သင်တန်းကို နိဂုံးချုပ်လိုက်ပါတယ်။

ကျမ်းကိုး---
၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ၎င်းအဋ္ဌကထာ ပထမတွဲ၊
၂။ စူဠဝါပါဠိတော်
၃။ ဥဒါန်းပါဠိတော်
၄။ အပဒါန်ပါဠိတော်
၅။ ထေရဂါထာပါဠိ
၆။ မဟာဗုဒ္ဓဝင် တတိယတွဲ၊ ဆဋ္ဌမတွဲ။

အရှင်နေမိန္ဒာဘိဝံသ၊
ခေတ္တ - သီရိမင်္ဂလာကျောင်း၊ ပေါ့တလန်မြို့၊ အော်ရီဂွန်ပြည်နယ်၊ အမေရိကန်နိုင်ငံ။
၁၃၈၀-ပြည့်နှစ်၊ ကဆုန်လဆန်း(၆)ရက်၊ ဗုဒ္ဓဟူးနေ့။ (၁၈၊ ၄၊ ၂၀၁၈)။ 10:17 AM.